**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ( ၁၅၉/၂၀၁၅ )**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် )

**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေများကို**

**ပြင်ဆင်သည့် နည်းဥပဒေများ**

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၆ ၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤပြင်ဆင်သည့် နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေများ၏ နည်းဥပဒေ ၃ ၊ နည်းဥပဒေခွဲ (ဃ) ၏ နောက်တွင် “ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်ရမည်။”

၃။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေများ၏ နည်းဥပဒေ ၅ တွင် –

(က) နည်းဥပဒေခွဲ (ခ) ၏ နောက်တွင် “ ယင်းကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ရာတွင် လိုအပ်သော နည်းပညာနှင့် အကူအညီများ ပံ့ပိုးရမည်။ ” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

( ခ) နည်းဥပဒေခွဲ (ဂ) ၏ နောက်တွင် “ ယင်းကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ရာတွင် လိုအပ်သော နည်းပညာအကူ

အညီများပေးခြင်းနှင့် လိုအပ်ပါက ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုရမည်။”

ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး နည်းဥပဒေများ၏ နည်းဥပဒေ ၇ ၊ နည်းဥပဒေခွဲ (ဃ) ၏နောက်တွင် “ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ပုံ) ဉာဏ်ထွန်းအောင်

ပြည်ထောင်စုဝန်ကြီး

ပို့ဆောင်ရေးဝန်ကြီးဌာန